

ညောင်ရမ်းဆရာတော်နှင့်
မဟာစည်ဆရာတော်ဘုရားများ
ကြီးမှူး၍ ကမ္ဘာ့ဒီးယားသို့
ကြွရောက်စဉ်က
မြင်းကွန်းမင်းသားကြီး၏
အုတ်ဂူသို့ကြွ၍
သရဏဂုံတင်တော်မူကြစဉ်
ဗီယက်နမ်နိုင်ငံ၊ ဆိုင်ဂုံမြို့
(၁၃၁၄ - ခုနှစ်၊ သီတင်းကျွတ်လဆုတ်)



အိန္ဒိယဝန်ကြီးချုပ်ပဏ္ဍိတ်နေရူးက မဟာစည်ဆရာတော်ဘုရားကြီးအား
စရိုးဦးကြိုနေပုံ။ (၁၉၅၉၊၀၁၊၁၈ နယူးဒေလီ)



ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီးအား
အိန္ဒိယနိုင်ငံ သာသနာပြုခရီး၌
ဖူးမြင်ရပုံ



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံ သာသနာပြုဆောင်ရွက်တော်မူစဉ်




ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်
သီဟိုဠ်၌ သံဃာတော်မထေရ်များ
(၁၉၅၄ မတ်၊ သံဃိယနာစာစောင်)



ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးအား အင်ဒိုနီးရှားနိုင်ငံ သာသနာပြုခရီးတွင် ဖူးမြင်ရစဉ်
(အလယ်တန်း) ဝဲမှစ ၄။ ကမ္ဘောဒီးယားသာသနာပိုင်၊ ၉။ အရှင်ဇိနရက္ခိတ (မဟာစည်ဆရာတော်ကြီးထံ၌ ရဟန်းဖြစ်ပြီး ၅နှစ်ခွဲ)



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ဂျပန်နိုင်ငံသာသနာပြုခရီးတွင် ဖူးမြင်ရစဉ်



၁၉၇၉-ခုနှစ် အမေရိကန်သာသနာပြုခရီးစဉ်တွင် ဖူးမြင်ကြရသော
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး



ဆရာတော်ဘုရားကြီး အမေရိကန်ပြည် ဘာရီကမ္မဋ္ဌာန်းဌာနၣ်
အင်္ဂလိပ်ဘာသာဖြင့် တရားဟောတော်မူစဉ်။



အရှင်အဂ္ဂဓမ္မ၊ အရှင်သီလာနန္ဒာဘိဝံသ၊ မဟာစည်ဆရာတော်ကြီး၊ အရှင်ဇနကာဘိဝံသ၊
အရှင်ကေလာသ (ရှာရွန်၊ ဂျိုးဇက်ဂိုးလ်စတိန်း၊ ဂျက်ကွန်ဖီးလ်(ဒ်)နှင့် ဂျက်ကလင်တို့ကို
မဟာစည်ကမ္မဋ္ဌာန်းဆရာများအဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်စဉ်) ။



ပြည်ပသာသနာပြုခရီးစဉ်၌
တရားစစ်ဆေးတော်မူစဉ်
ဖူးမြင်ရသော ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး



ဆရာတော်ဘုရားကြီးနှင့် နာယကဆရာတော်များအား အရှင်အဂ္ဂစာရ (ခ) Alan Clement
ရဟန်းပြုစဉ် ဖူးမြင်ရပုံ။




ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား အင်္ဂလန်နိုင်ငံ သာသနာပြုခရီး၌ ဖူးမြင်ရစဉ်။



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စင်္ကာပူနိုင်ငံတွင် သာသနာရေး ဆွေးနွေးတော်မူစဉ်



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ထိုင်းနိုင်ငံသာသနာပြုခရီးစဉ်တွင် ဖူးမြင်ရပုံ



ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီးအား
နီပေါနိုင်ငံသာသနာပြုခရီး၌
ဖူးမြင်ရပုံ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

ကမ္ဘာ့သာသနာပြု ခရီးစဉ်မှတ်တမ်း **(စုစုပေါင်း ၃၃၆–ရက်)**

ပထမအကြိမ် **(သက်တော် ၄၈–နှစ်)**

၁၃၁၄–ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၆)ရက် (၉–၁၀–၅၂)မှ ၁၃၁၄–ခု၊ တန်ဆောင်မုန်းလဆန်း (၃)ရက် (၂၀–၁၀–၅၂)နေ့အထိ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့သို့ (၁၂)ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

ဒုတိယအကြိမ် **(သက်တော် ၄၈–နှစ်)**

၁၃၁၄–ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၁၄)ရက် (၁၃–၁–၅၃)နေ့မှ တပို့တွဲလပြည့်ကျော် ၁၂–ရက် (၁၀–၂–၅၃)နေ့အထိ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့သို့ (၂၈)ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

တတိယအကြိမ် **(သက်တော် ၅၃–နှစ်)**

၁၃၁၉–ခု၊ နယုန်လဆန်း (၁၄)ရက် (၁၁–၆–၅၇)နေ့မှ ဝါဆိုလဆန်း (၈)ရက် (၄–၇–၅၇)နေ့အထိ ဂျပန်နိုင်ငံသို့ (၂၃)ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

စတုတ္ထအကြိမ် **(သက်တော် ၅၄–နှစ်)**

၁၃၂၀–ခု၊ နတ်တော်လပြည့်ကျော် (၁၂)ရက် (၆–၁–၅၉)နေ့မှ တပို့တွဲလပြည့်ကျော် (၁၂)ရက် (၆–၃–၅၉)နေ့အထိ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့သို့ (၆၀)ရက်ကြာမျှ သာသနာပြုတော်မူခဲ့သည်။

ပဉ္စမအကြိမ် **(သက်တော် ၅၅–နှစ်)**

၁၃၂၁–ခု၊ ကဆုန်လဆန်း (၈)ရက် (၁၄–၅–၅၉)နေ့မှ နယုန်လပြည့်ကျော် (၁၀)ရက် (၃၀–၆–၅၉)နေ့ အထိ အင်ဒိုနီးရှားနိုင်ငံသို့ (၃၉)ရက်ကြာ သာသနာပြုကြွတော်မူခဲ့သည်။

ဆဋ္ဌမအကြိမ် **(သက်တော် ၇၅–နှစ်)**

၁၃၄၀–ခု၊ နှောင်းတန်ခူးလဆန်း (၅)ရက် (၁–၄–၇၉)နေ့မှ

၁၃၄၁–ခု၊ ဝါဆိုလဆန်း (၁၀)ရက် (၃–၇–၇၉)နေ့အထိ

(၁)ထိုင်း၊ (၂)ဂျပန်၊ (၃)ဟိုနိုလူလူ၊ (၄)လော့စ်အိမ်ဂျယ်လီး(စ်)၊ (၅)ဆန်ဖရန် စစ်စကိုး၊ (၆)ဝါရှင်တန်၊ (၇)ဘော့စတန်၊ (၈)ဝေါဘက်စတာ၊ (၉)နယူးယောက်၊ (၁၀) လန်ဒန်၊ (၁၁)စကော့တလန်၊ (၁၂)မင်ချက်စတာ၊ (၁၃)ဘာမင်ဂန်၊ (၁၄)ဂျာမနီ၊ (၁၅) ပြင်သစ်၊ (၁၆)ဘယ်လ်ဂျီယံ၊ (၁၇)နယ်သာလင်၊ (၁၈)လန်ဒန်ပြန် ရောက် ထိုမှတဆင့် ထိုင်းကိုဝင်ပြီး မြန်မာနိုင်ငံသို့ ပြန်ကြွ်ကလာခဲ့ရာ ရက်ပေါင်း (၉၄)ရက်ကြာ သာသနာပြု ကြွ

တော်မူခဲ့သည်။

သတ္တမအကြိမ် **(သက်တော် ၇၆–နှစ်)**

၁၃၄၁–ခု၊ နယုန်လပြည့်ကျော် (၁)ရက် (၂၉–၅–၈၀)နေ့မှ

ဒုတိယဝါဆိုလဆန်း (၁၁)ရက် (၂၃–၇–၈၀)နေ့အထိ

ထိုင်း၊ ပြင်သစ်၊ အင်္ဂလန်၊ သီရိလင်္ကာ၊ စင်္ကာပူတို့သို့ (၅၆)ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

အဋ္ဌမအကြိမ် **(သက်တော် ၇၇–နှစ်)**

၁၃၄၂–ခု တပို့တွဲလဆုတ် (၅)ရက် (၂၄–၂–၈၁)နေ့မှ

တပေါင်းလဆန်း (၁၄)ရက် (၁၉–၃–၈၁)နေ့အထိ

နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့သို့ (၂၄)ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

(မင်္ဂလာဦးအောင်မြင့်၏ မှတ်စု)

ကျမ်းကိုး။ ၂၇–နှစ်မြောက် ဗုဒ္ဓဓမ္မလောကစာစောင်မှ။